Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

## သင်ရိုးပိုင်း ၁၅

## ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်အောင်မြင်ရေးအတွက် စစ်ဆေးအကဲဖြတ်မှု

Implemented by: British Council, The Open University, VSO, montrose

# သင်ရိုးပိုင်း ၁၅။ ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်အောင်မြင်ရေးအတွက် စစ်ဆေးအကဲဖြတ်မှု

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ နောက်ဆုံး**ပိုင်းဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူခြင်း |
| ၉ | ကျောင်းသူကျောင်းသားများ၏ စိတ်ခံစားချက်နှင့်လူမှုရေး သုခကို ပံ့ပိုးပေးခြင်း |
| ၁၀ | အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာဥပဒေအညွှန်းဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | ကျောင်းသူကျောင်းသားအားလုံးကို ကွဲပြားခြားနားအောင် သင်ကြားပံ့ပိုးပေးခြင်း |
| ၁၂ | သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုအခက်အခဲများကို ဖော်ထုတ်ခြင်း |
| ၁၃ | ခြားနားမှု သို့မဟုတ် မသန်စွမ်းမှုရှိသော သင်ယူသူများအားလုံးကို ပံ့ပိုးပေးခြင်း |
| ၁၄ | အပြုအမူကို အပြုသဘောဆောင်ရန် ထိန်းကျောင်းပေးခြင်း |
| **၁၅** | **ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်အောင်မြင်ရေးအတွက် စစ်ဆေးအကဲဖြတ်မှု** |

## သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွက် မည်သို့ရည်ရွယ်အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ်ကို အကောင်းဆုံးပြီးအောင်ရေးနည်းအကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေအားလုံး ဂျာနယ်တွင်း ရေးထားရပါမည်။ ပြန်လည်ဆင်ခြင်သုံးသပ်မှုသည် သင်ယူမှုဖြစ်စဉ်၏ အရေးကြီးသောအပိုင်းတစ်ခု

ဖြစ်ကြောင်း၊ လုပ်အပ်သည့် လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်းတစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များကို သင်တန်းသားများ မှတ်သားကြပါစေ။

## လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရန်အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရန်လိုပါသည်။ တွေးတော/တွဲဖက်/ဝေမျှသည့် think/pair/share နည်းလမ်းသည် သင်တန်းသူ/သားများ ပူးပေါင်းဆောင်ရွက်ရန်၊ အတွေးအမြင်ဖလှယ်ရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

## အားလုံးအကျုံးဝင် သင်ကြားရေးအလေ့အကျင့် CPD သင်ရိုးပိုင်း နောက်ခံအကြောင်း

သင်ရိုးပိုင်းများတွင် ပညာရေးအခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံးအကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှုဟူသော အဓိကအကြောင်းအရာ ၃ ခု ပါရှိပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာနကျလျက်ရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရာက်သူများ၏ ယုံကြည်ချက်နှင့်သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့်ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို ထည့်သွင်းအသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများသည် ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျက် ၎င်းတို့လုပ်နိုင်သည့်နှုန်းဖြင့် လုပ်ကြပါစေ။

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များ မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံးအကျုံးဝင် သင်ကြားမှုအလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပုံ၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။

သင်ရိုးပိုင်းတစ်ခုချင်းတွင် သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်များ အစဉ်လိုက် ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် ပေးထားသောအဖြေများမှ အဖြေမှန်ရွေးသည့် ပဟေဠိတစ်ခုကို ဖြေရပါမည်။

## သင်ရိုးပိုင်း ၁၅ သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့်အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**
**၁. စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်နှင့်လက်တွေ့လုပ်ဆောင်ပုံကို ဖော်ပြခြင်း**
**၂. ပညာရေးတွင် စစ်ဆေးအကဲဖြတ်မှု၏အခိပ္ပါယ်နှင့် သင်ယူမှုဖြစ်စဉ်အပေါ်သက်ရောက်ပုံကို ရှင်းပြခြင်း**
**၃. သင်ယူမှုအတွက်စစ်ဆေးအကဲဖြတ်မှု၏ အကျိုးကျေးဇူးများကို ရှင်းပြခြင်း**
**၄. အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှု၊ သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု၊ သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုတို့ အကြား ချိတ်ဆက်မှုကို နားလည်ခြင်း**
**၅. အားလုံးအကျုံးဝင်မှုနှင့်စစ်ဆေးအကဲဖြတ်မှုတို့အကြား ချိတ်ဆက်မှုကို နားလည်ခြင်း**

ဤသင်ရိုးပိုင်းတွင် စစ်ဆေးအကဲဖြတ်မှုအမျိုးမျိုးကို နားလည်ရန်အရေးကြီးပုံ၊ ၎င်းတို့က သင်ယူမှုအပေါ် သက်ရောက်ပုံတို့ကို ကြည့်ပါမည်။ စစ်ဆေးအကဲဖြတ်မှုအမျိုးမျိုးသုံးပုံနှင့် အားလုံးအကျုံးဝင်စေပုံတို့ကိုလည်း စူးစမ်းပါမည်။

သင်ရိုးပိုင်းအတွင်းလုပ်ဆောင်ချက်များ ပြီးအောင်လုပ်ရန် ၆ နာရီခန့်ကြာမြင့်ပါမည်။

## သင်ရိုးပိုင်း ၁၅ လုပ်ဆောင်ချက်များအတွက်နောက်ထပ်ညွှန်ကြားချက်များ

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ယခင်အသိပညာကို စစ်ဆေးအကဲဖြတ်ခြင်း | ပထမဆုံးလုပ်ဆောင်ချက်မှာ သင်ရိုးပိုင်း ၁၄ ကို ပြန်ကောက်ပြီး စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်ပါသည်။ ယခင်သင်ရိုးပိုင်းမှ အကြောင်းအရာများနှင့် ဤသင်ရိုးပိုင်းအတွက် ပြင်ဆင်ရာတွင်အရေးပါသည့် အချက်အလက်များကို သင်တန်းသားများအား ပြန်လည်အမှတ်ရစေပါသည်။ ပထမအကြိမ်လုပ်ပြီးလျှင် အဖြေတိုက်ရန် သင်ရိုးပိုင်း ၁၄ ကို ပြန်ကြည့်ရန် အကြံပြုပါ။ သင်ရိုးပိုင်း ၁၄ မှ မိမိ တတ်မြောက်လာသည်ကို လက်တွေ့အသုံးပြုပုံ ဟူသမျှကို ဆွေးနွေးပါ။ ထိုသို့အသုံးပြုခြင်းဖြင့် သင်ကြားသင်ယူရေးအပေါ် မည်ကဲ့သို့ သက်ရောက် ခဲ့ပါသနည်း။ |
| နိဒါန်း | စစ်ဆေးအကဲဖြတ်မှုကိုနားလည်ပုံ၊ သင်ကြားရေးတွင်အသုံးပြုရန်စစ်ဆေးအကဲဖြတ်ပုံတို့ကို သင်တန်းသားများအားမေးမြန်းပါ။ ၎င်းတို့ယခုကြုံတွေ့နေရသည့်စိန်ခေါ်မှုအချို့ကို သင်တန်းဆရာကဆွေးနွေးနိုင်ပါသည်။ သို့တည်းမဟုတ် သင်ယူမှုကိုစစ်ဆေးပုံသာဓကများကို သင်တန်းသားများ ဝေမျှကြပါစေ။ သင်ယူမှုကိုစစ်ဆေးအကဲဖြတ်ပုံအဖုံဖုံနှင့် ၎င်းတို့၏အားသာချက်များကို အုပ်စုဖွဲ့စူးစမ်းရှာဖွေစေခြင်းဖြင့် သင်တန်းသားများအား အထောက်အကူပြုနိုင်ပါသည်။ ဤသင်ရိုးပိုင်း၏သင်ယူမှုရလဒ်များကို အတူတူကြည့်ပြီး အဓိကလေ့လာမည့်အကြောင်းအရာများကိုရှင်းပြပါ။ |
| ပထမအကြိမ် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်မိမိ ရိုးရိုးသားသား စစ်ဆေးအကဲဖြတ်ရန် အချို့သင်တန်းသားများကို ဆော်သြရန်လိုအပ်ပါမည်။ ဤစစ်ဆေးအကဲဖြတ်မှုရလဒ်ကို သင်ရိုးပိုင်းအဆုံး နောက် |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | စစ်ဆေးမှုတစ်ခုနှင့်နှိုင်းယှဉ်ပြီး သင်တန်းသားများအား မိမိတို့၏သင်ယူမှုကို ဆင်ခြင်သုံးသပ်စေနိုင်ပါမည်။ |
| ၂. အားလုံးအကျုံးဝင် စာသင်ခန်း၏လက္ခဏာ ၈ ရပ် | အားလုံးအကျုံးဝင်စာသင်ခန်း၏ လက္ခဏာ ၈ ရပ်အတွက် စိတ်ကူးပြမြေပုံကို သင်တန်းသားတို့ မှတ်မိပါလိမ့်မည်။ လုပ်ပြီးခဲ့သမျှ အားလုံးအကျုံးဝင်သင်ရိုးပိုင်းအားလုံးကို ပြန်လည်သုံးသပ်ကြပါစေ။<br><br>သင်တန်းသားများအား လက္ခဏာ ၈ရပ် သာဓကများကို ပြောစေပြီး ယင်းတို့ကို အုပ်စုဖွဲ့ဆွေးနွေးကြရန်။ စစ်ဆေးအကဲဖြတ်မှုအတွက်လက္ခဏာကို အာရုံစိုက်စေကာ ၎င်းသည် အားလုံးအကျုံးဝင်မှုအတွက် အဘယ်ကြောင့် အရေးကြီးကြောင်း မေးမြန်းပါ။ |
| ၃. စစ်ဆေးအကဲဖြတ်မှုဟူသည် | စစ်ဆေးအကဲဖြတ်မှုအကြောင်း မိမိတို့ကိုယ်ပိုင်ဖွင့်ဆိုချက်များ ရေးကြပါစေ။ ထို့နောက် သင်တန်းဖော်တစ်ဦးနှင့်ဆွေးနွေးကြရန် အချိန်ပေးပါ။ ဖွင့်ဆိုချက်ကို ပြောင်းလဲလိုခြင်း၊ ထပ်ထည့်လိုခြင်းများ ရှိပါသလား။ သင်တန်းသားစာအုပ်မှ ဖွင့်ဆိုချက်ကိုဖတ်ပြီး မိမိတို့ ရေးထားသည့် ဖွင့်ဆိုချက်နှင့်နှိုင်းယှဉ်ကြပါစေ။ သင်ယူမှုဂျာနယ်တွင် ရေးချိန်ပေးပြီး သင်တန်းသူ/သားများ မည်သည့်အခါတွင် မည်ကဲ့သို့ စစ်ဆေးကြကြောင်း မေးမြန်းပါ။ |
| ၄. စစ်ဆေးအကဲဖြတ်မှု၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူး | စစ်ဆေးအကဲဖြတ်မှု၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးအကြောင်းဆွေးနွေးကြပါစေ။ ၎င်းတို့ကို စာရွက်တစ်ရွက်ပေါ်(သို့)သင်ပုန်းပေါ်ရေးပြီး သင်ရိုးပိုင်းတစ်လျှောက် ရည်ညွှန်းကိုးကားပါ။ နှစ်ယောက်တွဲလုပ်စေလျှင် အတွေးအမြင်များကို စာရွက်ပိုင်းများထဲ သီးခြားရေးစေပြီး ဦးစားပေးအလိုက်စီခိုင်းပါ။<br><br>လုပ်ဆောင်ချက် ၁၅.၃ မှ ဗီဒီယို - သင်ယူမှုကိုစစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်ခြင်း ခြားနားချက် (၂၀ မိနစ်)ကို ကြည့်ပါ။ ခြားနားချက်ကို သင်တန်းသားများအား ဖော်ပြစေပါ။ |
| ၅. သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်ခြင်း | သင်ယူမှုအတွက်စစ်ဆေးအကဲဖြတ်ခြင်းအကြောင်း၊ သင်ယူသူ၏ လက်ရှိအခြေအနေ နှင့် ၎င်းတို့(သို့)ဆရာ/မက ရောက်စေလိုသည့် သင်ယူမှုနှင့်ပေါက်မြောက်အောင်မြင်မှု အကြား 'ကွာဟချက်ကိုဖြည့်ဆည်းခြင်း'အကြောင်း ပြောကြားပါ။ 'လက်ရှိစွမ်းဆောင်မှု'နှင့် 'လိုလားသည့်စွမ်းဆောင်မှု'တို့ကို ပုံပြဇယားဖြင့် ဆွေးနွေးပါ။ သင်တန်းဆရာက နောက်တစ်နည်း တင်ပြနိုင်ပါသေးသည်။ ယခင်သင်ရိုးပိုင်းများတွင် မိမိတို့ လိုလားသည့် နေရာကို တံတားတစ်စင်းဖြင့်ဖော်ပြကာ တံတားအလယ်ကို 'မည်သို့ရောက်အောင် သွားမည်'ဟူ၍ ဆွေးနွေးခဲ့ပါသည်။ သင်တန်းသားများသင်ကြားသည့် ဘာသာရပ်များကို ပမာပြုပါ။ ဥပမာ ဝါကျတစ်ကြောင်းရေးခြင်း။ ဘာသာရပ်များ၏ လက်ရှိစွမ်းဆောင်မှု၊ လိုလားသည့်အရာ၊ ၎င်းကိုရရှိရန်နည်းအဆင့်ဆင့်တို့ကို ဆရာ/မတို့ မည်သို့ဖော်ပြပါမည်နည်း။ သင်တန်းသားစာအုပ်မှ ဇာတ်ကောင်များကိုကြည့်ပြီး သင်ကြားခဲ့သည့်အရာ နှင့် သင်ယူသည့်အရာကို စစ်ဆေးအကဲဖြတ်ခြင်းအကြား ခြားနားချက်ကို ဆွေးနွေးပါ။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ၅.၁ စစ်ဆေးအကဲဖြတ်မှု အမျိုးမျိုး၏ အသွင်အပြင် | လုပ်ဆောင်ချက် ၁၅.၄ - စစ်ဆေးအကဲဖြတ်မှုအမျိုးအစားများကို အတူတူကြည့်ကြပါ။ သင်တန်းသားများအား ဝါကျများကိုဆွေးနွေးစေပြီး အဓိကအချက်များကို ထောက်ပြပါစေ။ လုပ်ဆောင်ချက်တွင် ဖော်ပြထားသည့် စစ်ဆေးအကဲဖြတ်မှုသုံးမျိုးအကြောင်း မှတ်စုများစတင်ရေးသားကြရန်။ နောက်အပိုင်းများတွင် တစ်ခုချင်း အသေးစိတ် ကြည့်ရပါမည်။ |
| ၅.၁.၁ အားနည်းချက်ရှာ စစ်ဆေးအကဲဖြတ်မှုကို သုံးသပ်မှု | 'အားနည်းချက်ရှာမှု' ('Diagnostic')ဟူသော စကားလုံးနှင့် ၎င်း၏အဓိပ္ပါယ်အကြောင်း ဆွေးနွေးပါ။ ၎င်းသည် သင်ယူမှု၊ စစ်ဆေးအကဲဖြတ်မှုတို့နှင့် မည်သို့ဆက်နွယ်နေပါသနည်း။ ဥပမာများကိုကြည့်ပါ။ မိမိတို့သင်ကြားသည့် အခြေအနေတွင် ယင်းတို့ တစ်ခုချင်းကိုသုံးနိုင်ပုံကို စဉ်းစားရန် သင်တန်းသားများအားချိန်ပေးပါ။ လုပ်ဆောင်ချက် ၁၅.၅ - အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှုကိုသုံးသပ်မှု ကိုကြည့်ပြီး သင်တန်းသားများ ကိုယ်စီသုံးသပ်နိုင်ရန် မေးခွန်းများမေးပါ။ ပြန်လည်သုံးသပ်(ပြီး မှတ်စုရေး) ချိန်ရသည့်အခါ နှစ်ယောက်တွဲ (သို့) အုပ်စု လိုက် ပြန်လည်ဝေမျှကြရန်။ |
| ၅.၁.၂ သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှု | သင်ယူစဉ် (formative) ဟူသော စကားလုံး၊ ၎င်းသည် သင်ယူမှု၊ စစ်ဆေးအကဲဖြတ်မှုတို့နှင့် ဆက်နွယ်ပုံကို ဆွေးနွေးပါ။ အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှုနှင့် ခြားနားပုံအကြောင်းပြောပြီး ပေးထားသောဥပမာများကို ဆွေးနွေးပါ။ သင်တန်းသားများသည် တိုးတက်မှုကိုစောင့်ကြည့်ရန် (သို့) နားလည်မှုကိုစစ်ဆေးရန် စစ်ဆေးအကဲဖြတ်မှုကို သင်ခန်းစာများအကြား (သို့) သင်ခန်းစာအတွင်း သုံးပါသလား။ ၎င်းတို့ကြုံရမည့် အခက်အခဲများအကြောင်းနှင့် ယင်းတို့ကိုကျော်လွှားနိုင်ပုံကိုလည်း တွေးပါစေ။<br><br>လုပ်ဆောင်ချက် ၁၅.၆ - သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုမှာ ဆရာမဒေါ်နန်းမိုးအောင်၏ သင်ခန်းစာအကြောင်း ဖြစ်ရပ်ဇာတ်လမ်းဖြစ်ပါသည်။ ဇာတ်လမ်းကိုဖတ်ပြီး မည်သည့် စစ်ဆေးအကဲဖြတ်နည်းကို သုံးထားကြောင်း ဖော်ထုတ်ရန်။ ဆရာမ၏ စစ်ဆေး အကဲဖြတ်မှုအပေါ် အခြေပြုလျက် ဆရာမက နောက်သင်ခန်းစာတွင် မည်သို့ လုပ်ဆောင်နိုင်ကြောင်း အကြံပြုကြပါစေ။ |
| ၅.၁.၃ သင်ယူပြီး စစ်ဆေးအကဲဖြတ်မှု | သင်ယူပြီးစစ်ဆေးအကဲဖြတ်မှုသည် အားနည်းချက်ရှာစစ်ဆေးအကဲဖြတ်မှု၊ သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုတို့နှင့် မည်သို့ကွဲပြားကြောင်း သင်တန်းသူ/သားများအား ရှင်းလင်းဖော်ပြပါ။ ပေးထားသည့် သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု ဥပမာများကိုကြည့်ပြီး သင်တန်းသားများက မည်သည့်အခါကသုံးဖူးကြောင်း ဝေမျှကြရန်။ အချက်အလက်များကို မည်သို့သုံးခဲ့ကြောင်း၊ ဆရာ/မ၊ တပည့်အတွက် အသုံးတည့်မတည့် မေးမြန်းပါ။ လုပ်ဆောင်ချက် ၁၅.၇ - သင်ယူပြီးစစ်ဆေးအကဲဖြတ်မှု တွင် ဒေါ်နန်းမိုးအောင် သင်ခန်းစာတွင်သုံးခဲ့သည့် စစ်ဆေးအကဲဖြတ်မှုချဉ်းကပ်နည်းကို သင်တန်းသားများအား ဖော်ထုတ်စေပါမည်။ ကျောင်းသားအားလုံး မည်မျှသိရှိထားကြောင်း ပြသနိုင်အောင် ဆရာမလုပ်ဆောင်ရန် သင်တန်းသားများ အကြံပေးကြပါစေ။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ၆. အားနည်းချက်ရှာ၊ သင်ယူစဉ်နှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်မှုတွင် သုံးနိုင်သည့် နည်းများ<br><br>၆.၁ မေးခွန်းမေးခြင်း | မေးခွန်းမေးခြင်းနှင့်တုံ့ပြန်ဖြေကြားခြင်းအကြောင်း၊ ၎င်းတို့သည် စစ်ဆေးအကဲဖြတ်မှုနှင့် ဆက်စပ်ပုံအကြောင်း ပြောပါ။ အတန်းမစမီ သင်တန်းသားတို့ သင်ရိုးပိုင်း ၆ - ထိရောက်စွာ မေးခွန်းမေးခြင်းနှင့်တုံ့ပြန်ဖြေကြားခြင်း ကို ပြန်ကြည့်ထားကြရန်။<br><br>လုပ်ဆောင်ချက် ၁၅.၈ - စစ်ဆေးအကဲဖြတ်ရန် မေးခွန်းမေးခြင်း (၂၀ မိနစ်)ကို ကြည့်ပါ။<br><br>ပေးထားသည့်မေးခွန်းဥပမာများကိုဖတ်ပြီး အားလုံးအတူတူဖြစ်ကြောင်း သတိချပ်ပါ။ စစ်ဆေးအကဲဖြတ်ပုံသုံးမျိုးလုံးတွင် မေးခွန်းတစ်မျိုးတည်းမေး၍ရမရ သင်တန်းသားများကို မေးပါ။ သင်တန်းသားများအား မဲပေးစေနိုင်ပါသည်။ ဆက်စပ်အခြေအနေအကြောင်း ပြောပြပြီး မေးခွန်းသုံးခွန်း၏ ဆက်စပ်အခြေအနေကို ချပေးပါ။ မည်သည့်အခင်းအကျင်းက မည်သည့်ဥပမာနှင့် ကိုက်ညီကြောင်း သင်တန်းသားများ ဆုံးဖြတ်နိုင်ပါပြီလား။<br><br>စစ်ဆေးအကဲဖြတ်ပုံသုံးမျိုးလုံးအတွက် သုံးနိုင်သည့်မေးခွန်းနောက်တစ်ခုကို သင်တန်းသားတို့အား စဉ်းစားစေပြီး သုံးရသည့်အကြောင်းရင်းနှင့် သုံးနိုင်ပုံကို ရှင်းပြပါစေ။ |
| ၆.၂ တုံ့ပြန်ဖြေကြားခြင်း | တုံ့ပြန်ဖြေကြားခြင်းအကြောင်းပြောကြားကာ ဆရာ/မနှင့်တပည့်များအတွက် တစ်ဖက်သတ်(သို့)နှစ်ဦးနှစ်ဖက်နှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်ဟုတ်မဟုတ်မေးပါ။ မကြာခဏဆိုသလို တုံ့ပြန်ဖြေကြားခြင်းကို ဆရာ/မက တပည့်များကို အလုပ်ခိုင်းသော တစ်ဖက်သတ် လုပ်ငန်းစဉ်အဖြစ် မြင်တတ်ကြပါသည်။ ဆရာ/မများသည်လည်း တပည့်များထံမှ တုံ့ပြန်ဖြေကြားမှုလိုမလို သင်တန်းသားများအားမေးပါ။ ထိုတုံ့ပြန်ဖြေကြားမှုသည် သင်ကြားသင်ယူရေးအပေါ် မည်သည့်သက်ရောက်မှုရှိပါမည်နည်း။ အောက်ပါအဆိုကို ဆွေးနွေးပါ။ "ထိရောက်သော တုံ့ပြန်ဖြေကြားမှုသည် ကျောင်းသူကျောင်းသားတို့ ပေါက်မြောက်အောင်မြင်မှုအပေါ် နက်နဲသောဩဇာညောင်းမှုအလားအလာ ရှိပါသည် - သင်ယူမှုအဟုန်ကို နှစ်ဆတိုးနိုင်ပါသည်" Hattie, J (2011) အဟုန်နှစ်ဆတိုးခြင်းဟူသည်မှာ အဘယ်နည်း။<br><br>နောက်လုပ်ဆောင်ချက်မှာ ပိုမိုရှုပ်ထွေးပြီး ဥပမာပေးရန် လိုအပ်ပါမည်။ ဆရာ/မတို့ သင်ကြားနေသည့် အခင်းအကျင်းနှင့် သင့်လျော်ရန် အရေးကြီးသောကြောင့် ၎င်းတို့နှင့် ဆီလျော်သည့် စာသင်ခန်းသာဓကပေးရန်ကြိုးစားပါ။ လုပ်ဆောင်ချက် ၁၅.၉ - ကျောင်းသူကျောင်းသားတို့ထံမှ တုံ့ပြန်ဖြေကြားမှုကို တုံ့ပြန်ခြင်း ရှိ ဇယားပထမပိုင်းကို ပြပါ။ အောက်နားရှိအကွက်များကိုမဖြည့်မီ ဆွေးနွေးပါ။ သင်တန်းသားတို့ လိုက်နိုင်စေရန် တစ်ပိုင်းချင်းဆွေးနွေးပြီးမှ နောက်တစ်ကွက်ကိုပြပါ။ ဥပမာများကို ဆွေးနွေးစေပြီး ရလဒ်လေးမျိုးကို မည်ကဲ့သို့ တုံ့ပြန်မည်ဖြစ်ကြောင်း စဉ်းစားကြပါစေ။ |
| ၆.၂.၁ အောင်မြင်မှုအတွက်စံများ | အောင်မြင်မှုအတွက်စံများအကြောင်း ရုပ်ပုံဥပမာများပေးပါ။ ဥပမာ သင်တန်းသားများအား မည်သည့်ညွှန်ကြားချက်မှမပေးဘဲ 'အိမ်ပုံ'စသဖြင့် ပုံတစ်ပုံဆွဲကြပါစေ။ နောက်တစ်ကြိမ်တွင် ပုံထဲ ထည့်ဆွဲရမည့် ပစ္စည်းစာရင်းပေးပါ။ ပုံနှစ်ပုံကိုယှဉ်ကြည့်ပြီး လုပ်ဆောင်ချက်တစ်ခုစီအတွက် ခံစားချက်များပြောကြပါစေ။ နှစ်နည်းလုံးသုံးခြင်း၏ အကျိုးအပြစ်များကို ထုတ်ယူနိုင်ပါသည် (အနုပညာတွင် စာရင်းပေးခြင်းက ဖန်တီးနိုင်စွမ်း |

| **လုပ်ဆောင်ချက်** | **ထပ်မံစဉ်းစားဖွယ်အချက်များ** |
|---|---|
| | ကို အဟန့်အတားဖြစ်သည်)။ သင်တန်းသားစာအုပ်မှ အောင်မြင်မှုအတွက်စံများ သာဓကများနှင့် လုပ်ဆောင်ချက် ၁၅.၁၀ - အောင်မြင်မှုအတွက်စံများကိုသုံးရန် ကြိုတင်ပြင်ဆင်ခြင်း ကိုဖတ်စေပြီး မသင်ဖူးသေးသည့်သင်ခန်းစာတစ်ခုကို စဉ်းစားကြရန်။ တပည့်များသည် ပေးထားသည့်လုပ်စရာကို အောင်မြင်စွာပြီးမြောက်နိုင်ရန် လုပ်ရမည့်အဆင့်များကို သင်တန်းသားများက အခြားသူများနှင့်ပူးပေါင်းပြင်ဆင်နိုင်ပြီး အောင်မြင်မှုအတွက်စံများအဖြစ် မည်သို့ တင်ပြနိုင်ကြောင်း ဆုံးဖြတ်ရပါမည်။ |
| ၆.၃ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှု | "နောက်တစ်ဆင့်သို့ မည်သို့တက်ရမည်ကို ကျောင်းသူကျောင်းသားတို့ကိုယ်တိုင် သင်ယူကာ လုပ်ဆောင်တတ်ရပါမည်။ ကျောင်းသူကျောင်းသားတို့အတွက် ဆရာ/မ တို့က သင်ယူပေး၍မရပါ။" (Mary James, 1998)<br><br>အဆိုကိုဖတ်ပြီး မိမိတို့၏သင်ယူမှုအတွေ့အကြုံနှင့် စစ်ဆေးအကဲဖြတ်မှုဖြစ်စဉ်တွင် မိမိတို့ပါဝင်ခဲ့ဖူးသည်ကို ပြန်တွေးကြပါမည်။ မည်သို့ခံစားခဲ့ရပါသနည်း။ သဘောထားနှင့် တိုးတက်မှုတို့ ပိုမိုကောင်းမွန်လာပါသလား။ |
| ၆.၃.၁ - အချင်းချင်း စစ်ဆေးအကဲဖြတ်မှု/တုံ့ပြန်ဖြေကြားမှု | ပေးထားသည့်ပုံနှင့် တုံ့ပြန်ဖြေကြားမှုဥပမာနှစ်ခုကို ကြည့်ကြပါမည်။ ကျောင်းသူကျောင်းသားအတွက် မည်သည်က အသုံးအဝင်ဆုံး ဖြစ်ပါသနည်း။ မိမိ၏တပည့်များအချင်းချင်း အဓိပ္ပါယ်ရှိရှိထိထိရောက်ရောက် တုံ့ပြန်ဖြေကြားနိုင်ခြင်းရှိမရှိ သင်တန်းသားများအား မေးမြန်းပါ။ မရှိလျှင် တပည့်များအောင်မြင်စေရန် မည်သို့လုပ်ဆောင်နိုင်ပါသနည်း။ အောင်မြင်မှုအတွက်စံများနှင့်ဝါကျပိုင်းများကို ပြန်ကြည့်ကြရန်။ မိမိတို့သင်ကြားသည့် ဝန်းကျင်များတွင် အသုံးတည့်မတည့် သင်တန်းသူ/သားများကို မေးပါ။<br><br>လုပ်ဆောင်ချက် ၁၅.၁၁ - အချင်းချင်းစစ်ဆေးအကဲဖြတ်မှု ဗီဒီယိုကိုကြည့်ပါ။ ရှည်လျားသော်လည်း ငယ်ရွယ်လှသည့် တပည့်များအား တုံ့ပြန်ဖြေကြားရာတွင် မည်မျှတိကျကြောင်း သတိမူကြပါစေ။ ထိုဆွေးနွေးမှုမျိုး စာသင်ခန်း/ကျောင်းတွင် မကြာခဏဖြစ်သည်ဟုထင်ပါသလား။ ဆရာသုံးလိုက်သည့် 'yet'ဟူသည့်စကားကို ထောက်ပြီး တိုးတက်မှုကိုထင်ဟပ်ကြောင်း၊ သင်ယူမှုဖြစ်စဉ်တွင် အမှားကိုလက်ခံကြိုဆိုကြကြောင်း ပြောပြပါ။ သင်တန်းသားများသည် ထိုသင်ခန်းစာမျိုးကို မိမိတပည့်များအားသင်ခြင်း (သို့) ၎င်းတို့ကိုဗီဒီယိုပြပြီး အချင်းချင်းတုံ့ပြန်မှုအကြောင်း ဆွေးနွေးစေခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။ |
| ၇. စစ်ဆေးအကဲဖြတ်မှုအပေါ် အယူအဆအလွဲများနှင့် စိန်ခေါ်မှုများ | ကလေးများအား သင်ယူမှုတွင် ပိုမိုနက်နဲစွာ ပါဝင်စေကာ ဆရာ/မတို့သည် လက်ရှိအလုပ်ထက် ပိုလုပ်ရမည့်အစား အလားတူအလုပ်ဖြင့်ပင် သင်ခန်းစာများ ပိုမိုထိရောက်စေရန် ဤသင်ရိုးပိုင်းတွင်ပါဝင်သော စစ်ဆေးနည်းအကဲဖြတ်နည်းအမျိုးမျိုးကို ဆွေးနွေးပါ။ လုပ်ဆောင်ချက် ၁၅.၁၂ - စစ်ဆေးအကဲဖြတ်မှုအကြောင်းလွဲမှားသည့်အယူများ ကို အတူတူကြည့်ပါ။ သင်တန်းသားများကိုအုပ်စုဖွဲ့ပြီး လွဲမှားသည့်အယူအဆတစ်ခုစီပေးပါ။ စာရွက်တစ်ရွက်ကိုနှစ်ပိုင်းပိုင်းပြီး အယူအဆအပေါ် အဆိုနှင့်အခြေဟူ၍ တွေးနိုင်ပါသည်။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | လုပ်ငန်းဖော်အဖြစ် သဏ္ဍာန်တူသရုပ်ဆောင်စေနိုင်ပြီး လွဲမှားသည့် အယူအဆများနှင့် ပတ်သက်၍ အခြေခံလျက် အချင်းချင်းအကြံပြုကြပါမည်။ |
| ၈. စစ်ဆေးအကဲဖြတ်မှုနှင့် အားလုံးအကျုံးဝင်မှု ဆက်စပ်ပုံ | ဤသင်ရိုးပိုင်းတစ်လျှောက် သင်တန်းသားများသည် မိမိတပည့်များအား စစ်ဆေး အကဲဖြတ်ပုံ အမျိုးမျိုးကို စူးစမ်းခဲ့ပြီ။ အားလုံးအကျုံးဝင်မှုအကြောင်းကို ပြန်ပြောင်းပြောပြီး မိမိ၏သင်ယူသူများအကြောင်း ကောင်းကောင်း သိမသိနှင့် ၎င်းတို့ကိုအကောင်းဆုံး ပံ့ပိုးနိုင်ပုံကို ဆွေးနွေးပါ။ မိမိတို့သုံးသည့် စစ်ဆေးအကဲဖြတ်နည်းများအကြောင်းနှင့် ယင်းတို့သည် တပည့်အားလုံးအတွက် တရားမျှတခြင်းရှိမရှိ စဉ်းစားကြပါစေ။ လုပ်ဆောင်ချက် ၁၅.၁၃ – တရားမျှတတိုင်း တန်းတူညီမျှမဖြစ်ပါ (၂၀ မိနစ်)ကို ကြည့်ပြီး ပေးထားသည့် တိရစ္ဆာန်များကို မျှမျှတတ စစ်ဆေးသည့် အခင်းအကျင်းကို စဉ်းစားပါ။ သင့်တော်ပါသလား။ စာသင်ခန်းနှင့် မည်ကဲ့သို့ ချိတ်ဆက်နိုင်ပါမည်နည်း။ |
| လုပ်ဆောင်ချက် ၁၅.၁၄ - အခြားဆရာ/မများနှင့် စစ်ဆေးအကဲဖြတ်မှုအကြောင်း ဆွေးနွေးခြင်း | စစ်ဆေးအကဲဖြတ်မှုအကြောင်း ဗီဒီယိုကိုတူတူကြည့်ပြီး ဆရာ/မတို့ စာသင်ခန်းတွင်း သုံးသည့် စစ်ဆေးအကဲဖြတ်ပုံအမျိုးမျိုးအကြောင်း ဆွေးနွေးပုံကိုကြည့်ပါ။ အခြားဆရာ/မများနှင့် တွေ့ဆုံပြီး စစ်ဆေးအကဲဖြတ်မှုအကြောင်းမည်မျှပြောဆိုကြကြောင်း သင်တန်းသားများအားမေးပါ။ ထိုသို့ဆွေးနွေးက အကျိုးရှိမည်ဟု ထင်ပါသလား။ သင်ရိုးပိုင်းများအပြီး သင်တန်းသားများအနေနှင့် ထိုသို့ဆွေးနွေးရန် မည်သို့လုပ်နိုင်ပါမည်နည်း။ |
| ၉. လုပ်ဆောင်မှုသုတေသန အတွက် စိတ်ကူးစိတ်သန်းများ | လုပ်ဆောင်မှုသုတေသနပြုလုပ်ရန် သင်တန်းသားများအားစဉ်းစားစေပါ။ သင်တန်းသားများအား သုတေသနစက်ဝန်းနှင့်အကြံပြုချက်များကို ဂရုပြုစေပါ။ သင်တန်းသားများ မည်သည်ကိုသုတေသနကိုလုပ်လိုကြောင်း ဆုံးဖြတ်ပြီးပါက မဆုံးဖြတ်ရသေးသူများ စိတ်ကူးစိတ်သန်းများရစေရန် တွေးစရာများကို ဝေမျှပေးရန် အားပေးပါ။ |
| ၁၀. နိဂုံး | စစ်ဆေးအကဲဖြတ်မှုကိုအာရုံစိုက်ခဲ့သော ဤသင်ရိုးပိုင်းတွင် ပါဝင်ပြီးလေ့လာခဲ့သမျှနှင့် အဓိကအချက်များကို သင်တန်းသားများနှင့်ပြန်လည်စုရုံးပါ။ သင်တန်းသားများသည် ပြန်လည်ဆင်ခြင်သုံးသပ်ချက်မေးခွန်းများကိုကြည့်ပြီး သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြပါမည်။ |
| ၁၁. သင်ရိုးပိုင်း ၁၅ အဆုံးသတ်ပဟေဠိ | သင်တန်းသားများသည် ပေးထားသည့်ပဟေဠိကိုဖြေဆိုပြီး မှားသောအဖြေများကို သုံးသပ်ပြီး အားလုံးမှန်သည်အထိ ဖြေဆိုကြပါစေ။ သင်တန်းသားများမေးသည့် မေးခွန်းများကို ဖြေကြားပါ။ နောက်ဆုံးသင်ရိုးပိုင်းဖြစ်သောကြောင့် အုပ်စုများခွဲပြီး သင်ရိုးပိုင်း ၁၅ ပိုင်းလုံးမှ မေးခွန်းများကို ရွေးချယ်ပြီး ပြန်ကြည့်သင့်ပါသည်။ |
| ၁၂. သင်ကြားသင်ယူရေးကို ပိုမိုကောင်းမွန်တိုးတက် စေခြင်း | သင်တန်းသားများသည် လုပ်ဆောင်ချက် ၁၅.၁၅ မှအခင်းအကျင်းကိုဖတ်ပြီး ဆက်လက်၍ပေးထားသော အဆိုများကို သင်ယူမှုဂျာနယ်တွင် ဖြည့်ကြပါမည်။ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှုကိုလည်း ပြုကြရန်။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| နောက်ဆုံးကတိ | သင်ရိုးပိုင်း ၁၅ မှသိရှိမှတ်သားသွားမည့် အချက်တစ်ချက်ကို သင်တန်းသားများအား စဉ်းစားစေပြီး ၎င်းတို့ပိုမိုကောင်းမွန်တိုးတက်အောင်လုပ်ရန် ကတိတစ်ခုကို တပည့်များအား ပေးကြပါစေ။ ထိုကတိကို (--သီတင်းပတ်ပြီးနောက်) သုံးသပ်အကဲဖြတ်ပြီး အပြောင်းအလဲများကို မှတ်သားရန်ပြောပါ။ ပြောင်းလဲမှုက သင်ကြားသင်ယူမှုအပေါ် သက်ရောက်မှုနှင့် မိမိအနေဖြင့် ဆက်လက်တိုးတက်ကောင်းမွန်ရန် မည်သို့လုပ်ဆောင်မည်ဖြစ်ကြောင်း ဆင်ခြင်သုံးသပ်ကြပါစေ။<br><br>သင်ရိုးပိုင်းများမှ ကတိ ၁၅ ခုကိုသုံးပြီး လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ် ရေးဆွဲရန် အကြံပြုပါ။ ပေးထားသည့် ဥပမာကိုကြည့်ပြီး စာမျက်နှာကို သုံးပိုင်းပိုင်းပါ။ မိမိတို့ကတိတည်အောင်/ပန်းတိုင်ရောက်အောင် မည်သို့လုပ်ဆောင်ရန် လိုအပ်ကြောင်း သင်တန်းသားများ တွေးတောကြပါစေ။ မည်သူက ကူညီ/ပံ့ပိုးမှာလဲ။ မည်သူက သတိထားမိမှာလဲ။ မည်သည့်အတားအဆီးများရှိနိုင်မလဲ။ မည်သို့ကျော်လွှားမလဲ ဟူသော မေးခွန်းများမေးပါ။ |
| နောက်ဆုံးမှတ်ချက် | သင်တန်းသားတို့သည် အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့် သင်ရိုးပိုင်းများကို ပြီးအောင်တက်သောကြောင့် ဂုဏ်ပြုစကားပြောကြားပါ။<br><br>သင်ကြားရေးအလေ့အကျင့် ပြောင်းလဲခဲ့ပုံနှင့် သင်ကြားနည်းတွင် အားလုံးပိုမိုအကျုံးဝင်မှု ရှိမရှိ ပြန်လည်သုံးသပ်ကြပါစေ။ |

## သင်ရိုးပိုင်း ၁၅ အဆုံးသတ်ပဟေဋ္ဌိ အဖြေ

ရာနှုန်းပြည့်အောင်မြင်ရန်စိတ်ကြိုက်လုပ်နိုင်ပါသည်။ ယုံကြည်စိတ်ချမှုတိုးလာစေမည့် အခွင့်အလမ်းဖြစ်ပါသည်။
အဖြေကိုစာလုံး**အမည်းရင့်**များဖြင့်ပေးထားပါသည်။

မေးခွန်း ၁ - အောက်ပါတို့အနက် မည်သည်က သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုအတွက် ဖွင့်ဆိုချက်ဖြစ်ပါသနည်း။ (အဖြေ ၁ ခုကို ရွေးပါ)

**က) ကျောင်းသူကျောင်းသားတို့တိုးတက်အောင်မြင်စေရန် သင်ကြားသင်ယူရေးလုပ်ဆောင်ချက်များကိုပြုပြင်ပြင်ဆင်နိုင်ရေး အတွက် သင်ယူမှုဖြစ်စဉ်အတွင်း ဆရာ/မကဆောင်ရွက်သည့် စနစ်တကျနှင့်အလွတ်သဘော စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်အမျိုးမျိုး**

ခ) အစီအစဉ်ရလဒ်ကို အဓိကထားလျက် ဖြေဆိုသူများကို စစ်ဆေးအကဲဖြတ်ခြင်း

မေးခွန်း ၂ - သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုကိုလုပ်ဆောင်နိုင်သည့်အခါများမှာ (အဖြေ ၁ ခုကို ရွေးပါ)

က) သင်ခန်းစာအပြီး

ခ) သင်ခန်းစာမတိုင်မီ

ဂ) သင်ခန်းစာအတွင်း

**ဃ) သင်ခန်းစာအတွင်း မည်သည့်အချိန်မဆို**

ရှင်းလင်းချက် - သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုကို အခွင့်သာတိုင်းလုပ်နိုင်ပြီး သင်ယူမှုအတွက် အသုံးတည့်လျှင်လည်းကောင်း၊ ကျောင်းသူကျောင်းသားတို့သင်ယူမှုအတွက် ဦးတည်မှုရှိသောအခွင့်အလမ်းအသစ်များကိုရရှိနေသမျှ စနစ်တကျဖြစ်စေ၊ အလွတ်သဘောဖြစ်စေ သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုကို လုပ်ဆောင်နိုင်ပါသည်။

မေးခွန်း ၃ - မိမိတို့စူးစမ်းလေ့လာခဲ့သည့် စစ်ဆေးအကဲဖြတ်ရေးစက်ဝန်းတွင် အောက်ပါတို့အနက် မည်သည်က အကျုံးမဝင်ပါသနည်း။ (အဖြေ ၁ ခုကို ရွေးပါ)

သင်ကြားခြင်းနှင့်သင်ယူခြင်း - အထောက်အထားစုဆောင်းခြင်း - ပိုင်းခြားစိတ်ဖြာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း - ရည်ရွယ်ချက်အသစ်များချမှတ်ခြင်း - **သင်ခန်းစာကိုပြန်သင်ခြင်း**

ရှင်းလင်းချက် - ထိရောက်သည့်သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းက အပြောင်းအလဲကို ဖြစ်စေပါသည်။ အပြောင်းအလဲ မဖြစ်စေသော၊ ဦးတည်ချက်မပြောင်းသော သင်ခန်းစာကောင်း မရှိနိုင်ပါ။

မေးခွန်း ၄ - အောက်ပါတို့အနက် မည်သည့်အဆိုကမှန်ကန်ပါသနည်း။ (အဖြေ ၁ ခုကို ရွေးပါ)

က) စီစဉ်မှုနှင့်စစ်ဆေးအကဲဖြတ်မှုတို့ အချိတ်အဆက်မရှိပါ။ (**မှား** - စစ်ဆေးအကဲဖြတ်မှုသည် အစီအစဉ်ရေးဆွဲရေးကို အထောက်အကူပြုသင့်ပါသည်။ ထို့ကြောင့် ၎င်းတို့ ဆက်စပ်နေပါသည်။)

**ခ) စစ်ဆေးအကဲဖြတ်မှုအရ သင်ယူမှုရလဒ်များကို ပြန်လည်ပြင်ဆင်သင့်ပါသည်။ (မှန်** - သင်ယူမှုရလဒ်များ သင့်တော်မတော်၊ ပြောင်းရန်လိုမလို သင်ခန်းစာအတွင်း စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်ရပါမည်။)

ဂ) စာသင်နှစ်၏သင်တန်းကာလအပြီး စစ်ဆေးအကဲဖြတ်မှုသည် အကောင်းဆုံးသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ (**မှား** - စာသင်နှစ်၏သင်တန်းကာလအပြီး စစ်ဆေးအကဲဖြတ်မှုသည် သင်ယူပြီးစစ်ဆေးအကဲဖြတ်မှုမှ တစ်စိတ်တစ်ပိုင်း ဖြစ်သော်လည်း ဆရာ/မအား စဉ်ဆက်မပြတ်သင်ယူမှုကို အပြောင်းအလဲမပြုစေနိုင်ပါ)

ဃ) ဆရာ/မနှင့် ကျောင်းသူကျောင်းသားတို့အကြားသာ တုံ့ပြန်ဖြေကြားမှုရှိကြသည်။ (**မှား** - ဆရာ-တပည့်/အချင်းချင်း/တပည့်-ဆရာ၊ တစ်ခါတစ်ရံ မိဘ/ဆရာ/တပည့်အကြား တုံ့ပြန်ဖြေကြားမှုဟူ၍အမျိုးမျိုးရှိပါသည်)

မေးခွန်း ၅ - အောက်ပါတို့အနက် မည်သည်က ဆရာ/မတို့က ကျောင်းသူကျောင်းသားများ၏သင်ယူမှုကို စစ်ဆေးအကဲဖြတ်ရာတွင် အထောက်အကူ မပြုနိုင်ပါသနည်း။ (အဖြေ ၂ ခု ကို ရွေးပါ)

- **ကျောင်းခေါ်ချိန်မှတ်တမ်းကို စစ်ဆေးအကဲဖြတ်ခြင်း**
- အစမ်းစာမေးပွဲအတိုတစ်ခု လုပ်ခြင်း
- အုပ်စုလိုက်ပူးပေါင်းလုပ်ဆောင်ခြင်း
- သင်ယူပုံများကို ကြည့်ရှုလေ့လာခြင်း
- မေးခွန်းမေးခြင်း

- အုပ်စုလိုက် တုံ့ပြန်ဖြေကြားခွင့်များ
- အမှတ်ပေးခြင်း
- **ကျောင်းဝတ်စုံစည်းကမ်းများ**

ရှင်းလင်းချက် - ကျောင်းခေါ်ချိန်မှတ်တမ်းနှင့် ကျောင်းဝတ်စုံစည်းကမ်းများက ကျောင်းသူကျောင်းသားတို့ ကျောင်းတက်မတက်၊ စည်းကမ်းလိုက်နာခြင်းရှိမရှိ သိစေနိုင်သော်လည်း ကျောင်းသူကျောင်းသားတို့၏ သင်ယူမှုကို ပိုင်းခြားစိတ်ဖြာရာတွင် အသုံး မဝင်ပါ။

မေးခွန်း ၆ - ကြိုတင်စစ်ဆေးအကဲဖြတ်မှုသည် ကွဲပြားခြားနားသည့်သင်ယူမှုတွင် အသုံးဝင်ပါသည်။ ကြိုတင်စစ်ဆေး အကဲဖြတ်မှုသည် (အဖြေ ၁ ခုကို ရွေးပါ)

**က) ယူနစ်အသစ် သို့မဟုတ် အသိသညာသစ်တစ်ခု မသင်ကြားမီ ကျောင်းသူကျောင်းသားတို့ ဘာသိထားကြောင်း စူးစမ်းခြင်း ဖြစ်သည်။**

ခ) တတ်မြောက်ထားသည့်အရာနှင့် ကြိုးစားမှုလိုသေးသည်များကို ကျောင်းသူကျောင်းသားတို့ ရှင်းပြစေနိုင်ရန် ၎င်းတို့၏ လုပ်ဆောင်မှု၊ နားလည်မှု၊ ကျွမ်းကျင်မှုတို့အပေါ် ၎င်းတို့အား ကြည့်ရှုစေပြီးမှတ်ချက်ပေးခွင့်ပြုခြင်းဖြစ်ပါသည်။

ဂ) သင်ခန်းစာသင်ကြားအပြီး ကျောင်းသူကျောင်းသားတို့ မည်သည်ကိုသင်ယူသွားကြောင်း စူးစမ်းခြင်းဖြစ်ပါသည်။